


# မိုက်မဲသော လောဘနှင့် မြေးကို ပြောသော ပုံပြင်များ

၂

ဝင်းဇော်
(သုံးဆယ်)

mgyoe.com

mgyoe.com

သားအချစ်၊ မြေးအနှစ်ဆိုသည့်အတိုင်း
သားသမီးများကို မိဘမေတ္တာဖြင့် ပြုစုပျိုးထောင်ကျွေးမွေးခဲ့ရသော
အဖေအမေတို့သည် သားသမီးများ လူလားမြောက်ကာ
အိမ်ယာထူထောင်ပြီးကြသည့်နောက်လည်း
ပွားစီးလာသော မြေးတို့အပေါ် အချစ်ပို၍
အနှစ်ဖုံးကာ ထိန်းကျောင်းရပြန်ပါသည်။
မြန်မာအဘိုးအဘွားတို့၏ မြေးတို့အပေါ်တာဝန်တစ်ခုမှာ
အလုပ်တာဝန်တို့ဖြင့် မအားလပ်ကြသော အဖေအမေတို့ကိုယ်စား
ပုံပြောပြကြရခြင်းပင်ဖြစ်သည်။
နေ့လည်နေ့ခင်း ပုံပြောပြရန် ပူဆာကြသလို
အိပ်ရာဝင်တော့လည်း ပုံပြင်လေးနှင့်မှ အိပ်ချင်ကြသော
ကလေးတို့အတွက် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင်
ပုံပြင်ပေါင်းများစွာ မရိုးနိုင်အောင် ပေါ်ထွန်းခဲ့ပေသည်။
ယခု စုဆောင်းရေးသားလိုက်သော ပုံပြင်တို့မှာလည်း
ကလေးများနှင့် လိုက်ဖက်အောင် လိမ္မာရေးခြားရှိအောင်
ပြုစုထားသဖြင့် တစ်ခါတစ်ရံ ဘာပြောပြရမှန်းမသိ ဖြစ်ကြရသည့်
အဘိုးအဘွားတို့အတွက် လက်စွဲပြုစရာ ပုံပြင်လေးများ ဖြစ်ပါ၍
မြေးကိုပြောသောပုံပြင်များဟု အမည်ပေးလိုက်ပါသည်။

# မြေးကိုပြောသောပုံပြင်များ

ဝင်းဇော်
(သုံးဆယ်)

အပ်တော်မြ
ISBN 9789997116871
A1WZ002
9 789997 116871
1,700.00KS

mgyoe.com

စာမူမူပိုင် - ဦးစန်းဦး(စိတ်ကူးချိုချို)
ယခုစာအုပ်ပြင်ဆင်တင်ဆက်ပုံမူပိုင် - အပါးတော်မြဲ

ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲစာပေတိုက်(၀၂၂၉၃)၊
အမှတ်၇/၈၊ မြန်မာသီရိလင်္ကာရာမကျောင်းလမ်း၊ တာမွေ။

ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။

မျက်နှာဖုံးနှင့်
အတွင်းပန်းချီ။ မိုသံ

မိုက်မဲသောလောဘနှင့်မြေးကိုပြောသောပုံပြင်များ(၂)၊ ဝင်းဇော်(သုံးဆယ်)

၁၅၂ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ပထမနှိပ်ခြင်း၊ ၂၀၁၉၊ မေလ၊

အုပ်ရေ ၁၀၀၀၊

email: aptmph@gmail.com
www.facebook.com/အပါးတော်မြဲစာပေတိုက်
အမှတ် (၇/၈)၊ မြန်မာသီရိလင်္ကာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၉၉၅၅၅၊ ၀၉ ၄၇၁၅၁၅၅၅၉

mgyoe.com

mgyoe.com

# မိုက်မဲသောလောဘ
# နှင့်
# မြေးကိုပြောသောပုံပြင်များ(၂)

ဝင်းဇော်(သုံးဆယ်)

၂၀၁၉ ခုနှစ်၊ မေလ၊ ပထမနှိပ်ခြင်း။

mgyoe.com

mgyoe.com

မြန်မာမိသားစုများအတွက်

သားစဉ်မြေးဆက် ကိုးကားပြောပြသင်ကြားစရာ

**ဝင်းဇော်(သုံးဆယ်)၏ ပင်ကိုရေး**

မြေးကိုပြောခဲ့သောပုံပြင်များ . . . အတွဲလိုက်

အပါးတော်မြဲစာပေတိုက်မှ

ဆက်လက် ထွက်ရှိလာပါမည်။

mgyoe.com

mgyoe.com

# မာတိကာ


၁။ မြင့်မြတ်စိတ်ထား ၁

၂။ မြင့်မြတ်သူတို့နှလုံးသား ၈

၃။ စိတ်ကိုနိုင်လျှင် ၂၇

၄။ သူတော်ကောင်းကိုပြစ်မှားသူ ၃၃

၅။ စွဲလမ်းမှုအားကြီးသူ ၄၁

၆။ ဆင်ခြင်တုံတရား လက်ကိုင်ထား ၅၃

၇။ ကျေးဇူးသိတတ်သူ ၆၁

၈။ သူတော်ကောင်းယောင်ဆောင်သူ ၇၁

၉။ မိုက်မဲသော လောဘ ၇၉

၁၀။ တရားသိ တရားရှိသူ ၈၉

၁၁။ ဆရာ့စကား နားထောင်သူ ၉၉

၁၂။ အသက်ကိုရင်း၍ လှူဒါန်းသူ ၁၀၅

၁၃။ မှန်ကန်တဲ့ အလှူစကား ၁၁၅


mgyoe.com

mgyoe.com


၁၄။ နှမြောတွန့်တိုတတ်သူ ၁၂၅

၁၅။ ဒါနရှင်မလေး ၁၃၅

၁၆။ သီလကျေးရူးဂုဏ် ၁၄၃


❑

mgyoe.com

mgyoe.com

## မြင့်မြတ်စိတ်ထား

ကလေးတို့ရေ....

မင်းတို့တစ်တွေ ကျောင်းစာသင်ခန်းထဲမှာ သူငယ်တန်းတုန်းက သင်ကြားခဲ့ရတဲ့ ဆလိမ်ရေးချပြီး ဝစ္စနှစ်လုံးပေါက်လိုက်ရင် "ဆား"လို့ ခေါ်ဝေါ်ရတယ်။ အဲဒါကို အားလုံးသိကြတယ် မဟုတ်လား။ အဲဒီ ဆားဆိုတာကို စာလုံးကြီးကြီးနဲ့ရေးရေး၊ စာလုံးသေးသေးလေးနဲ့ပဲ ရေးရေး၊ ဆားဆိုတဲ့စကားလုံးကို တိုးတိုးဆိုဆို၊ ကျယ်ကျယ်ဆိုဆို၊ မနား တမ်းဘဲ ဆိုနေဆိုနေ၊ အဲသလိုရေးရုံ၊ ဆိုနေကြရုံနဲ့ ဆားရဲ့အရသာ ငန်တာဆိုတာကြီးကို လျှာပေါ်မှာ ဘယ်လိုမှ ခံစားရမှာမဟုတ်ဘူး။

အဲသလို စာရွက်ပေါ်မှာ ဆားလို့ရေးထားပြီး လျှာနဲ့လျက်ကြည့်ရင် လည်း ငန်မှာမဟုတ်ဘူး။ တကယ်ဆားစစ်စစ်ကို လျှာနဲ့လျက်ကြည့်ပါမှ ငန်တဲ့အရသာကို သိနိုင်သလိုပဲ အရာရာကို စာတွေ့တွေနဲ့ချည်း ကျေနပ် တင်းတိမ်ပြီး မနေကြဘဲ လက်တွေ့ကိုယ်တွေ့အားဖြင့် ကြိုးစားအားထုတ် ကြည့်သင့်ကြတယ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


အရာရာကို ဉာဏ်ပညာနဲ့ ဆင်ခြင်ကြည့်သင့်ကြတယ်လို့ ဆိုလိုချင်တာပါ။ ဟိမဝန္တာတောင်ရဲ့ မြဂူအတွင်းမှာ မှီတင်းနေထိုင်တဲ့ ခြင်္သေ့မင်းကို မစင်စားနေတဲ့ဝက်က မနာလိုဘူး။ မရှုဆိတ်ရှိနေတာကြောင့် မိမိကိုယ်ကိုယ် ရွှံ့ညွန်လူးပြီး မြဂူကို အရောင်မှေးမှိန်သွားအောင် ကိုယ်လုံးနဲ့ အစဉ်အမြဲ ပွတ်တိုက်နေတယ်။ မြဂူဟာ အရောင်မညှိုးတဲ့ အပြင် ပွတ်တိုက်လေလေ အရောင်တောက်ပြောင်လာလေလေ ဖြစ်လာတယ်။

ထို့နည်းတူစွာပဲ လူတစ်ဖက်သားအပေါ်မှာ မနာလိုမရှုဆိတ်ဖြစ်နေတာကြောင့် အပြစ်ပြောရင် (ဒါမှမဟုတ်) မကောင်းကြံရင် မိမိမှာသာ စိတ်အဆင်းရဲကြီးဆင်းရဲပြီး လူတစ်ဖက်သားမှာ မယုတ်လျော့ဘဲ တိုးပြီး မြင့်တက်လာတာကို ဣဿာမစ္ဆရိယစိတ်ရှိသူတိုင်းက သိနားလည်ထားသင့်ကြတယ်။

အဘိုးတို့ ကိုးကွယ်ဆည်းကပ်နေကြတဲ့ ဗုဒ္ဓဘုရားရှင် ဆင်ဖြူတော် ဘဝရောက်ခဲ့စဉ်အခါက အပဟိတ်တိရစ္ဆာန်ပင် ဖြစ်လင့်ကစား ဘဝအဆက်ဆက်က ဖြည့်ကျင့်ခဲ့တဲ့ ပါရမီကံကြောင့် မြင့်မြတ်တဲ့စိတ်ထားရှိပုံကို ပုံဝတ္ထုတစ်ခုအနေနဲ့ ပြောပြချင်တယ်။

ရှေးလွန်လေပြီးတဲ့အခါက မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည့်ရှင် "မာဂဓ" လို့အမည်ရတဲ့ မင်းမှာ အဆင်းအင်္ဂါလက္ခဏာနဲ့ ပြည့်စုံတဲ့၊ ဘုန်းတန်ခိုးကြီးမားတဲ့ ဆင်ဖြူတော်တစ်စီးရှိတယ်။

တစ်နေ့သောအခါမှာတော့ မာဂဓတိုင်းပြည်အတွင်း ပွဲလမ်းသဘင်ဆင်ယင်ကျင်းပတဲ့အခါ မာဂဓမင်းက သူ့ရဲ့ဆင်ဖြူတော်ကို တန်ဆာဆင်ပြီး စီးတော်မူကာ မြို့တော်အတွင်း လှည့်လည်တယ်။ အဲဒီအခါ တိုင်းပြည်အတွင်းက ပြည်သူပြည်သားတွေက ဆင်ဖြူတော်ကိုတွေ့မြင်ပြီး...

mgyoe.com

mgyoe.com


"ဟာ... အလွန်လှပတဲ့ဆင်ဖြူတော်ပါလား"

"ဟုတ်ပါရဲ့။ အံ့ဩစရာကောင်းတဲ့ ဆင်ဖြူတော်ပါပဲ"

"ဆင်ဖြူတော်ရဲ့ ကြန်အင်လက္ခဏာတွေနဲ့ ပြည့်စုံပါပေတယ်"

လို့ ဝိုင်းဝန်းပြီး ချီးမွမ်းကြတယ်။

ပြည်သူပြည်သားတွေက ဆင်ဖြူတော်ကြီးကိုကြည့်ပြီး ဝိုင်းဝန်းချီးမွမ်းနေကြတာကို မဂဓမင်းကကြားတော့ သည်းမခံနိုင်တော့ဘဲ ဆင်ဖြူတော်အပေါ်မှာ မနာလိုဝန်တိုစိတ်တွေ ဖြစ်သွားတယ်။

"တောက်... တိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်နေတဲ့ ငါကိုယ်တော်မြတ် ဆင်မြန်းထားတဲ့ အလှအပတန်ဆာတွေကိုတော့ မချီးကျူးဘဲ ဆင်ဖြူတော်ကိုတော့ ချီးကျူးနေလိုက်ကြတာ.... ဟင်း...."

မဂဓမင်းက ဆင်ဖြူတော်အပေါ်မှာ ရန်ငြိုးဖွဲ့တယ်။

"ဒီနေ့ပဲ ဒီဆင်ကို တောင်ပေါ်ကကျ သေစေရမယ်"

လို့စိတ်ကူးပြီး ဆင်ထိန်း (ဆင်ကိုထိန်းကျောင်းသူ)ကို ချက်ချင်းခေါ်တယ်။

"ဟဲ့.... ဆင်ဆရာ"

"အမိန့်ရှိတော်မူပါဘုရား"

"သင်က ငါ့ရဲ့ဆင်ဖြူတော်ကို သင်ကြားပေးထားရဲ့လား"

လို့ မေးတော်မူတယ်။ ဆင်ထိန်းက....

"ကောင်းစွာ တတ်မြောက်အောင် သင်ကြားပေးထားပါတယ်ဘုရား"

"အဲဒါဆိုရင် ဆင်ကိုစီးပြီး ဝေပုလ္လတောင်ပေါ်သို့ တက်ပြလော့"

လို့ အမိန့်ပေးတယ်။ ဆင်ထိန်းက ဆင်ဖြူတော်ကိုစီးပြီး ဝေပုလ္လတောင်ပေါ်ကို တက်သွားတယ်။ မဂဓမင်းက မင်းရဲ့ပရိသတ်နဲ့အတူ လိုက်ပါပြီး ရှုစားတော်မူတယ်။ မင်းက...

mgyoe.com

mgyoe.com


"ဟဲ့...ဆင်ထိန်း၊ ဆင်ကို တောင်ကမ်းပါးပြတ်သို့ ရှေးရှုပြီးရပ်ပြစမ်း"

လို့စေခိုင်းတဲ့အတိုင်း ဆင်ထိန်းက ဆင်ဖြူတော်ကို တောင်ကမ်းပါးပြတ်သို့ခေါ်သွားပြီး ရပ်ပြတယ်။

"ဟေး... တော်လိုက်တဲ့ဆင်ဖြူတော်"

မင်းပရိသတ်တွေက ချီးကျူးသြဘာ ပေးကြတယ်။

"ဟဲ့... ဆင်ကို ခြေထောက်သုံးချောင်းတည်းနဲ့ ရပ်ခိုင်းပြစမ်း"

လို့ ဆင်ဖြူတော်ဒုက္ခရောက်အောင် ခိုင်းစေနေတယ်။ ဆင်ထိန်းက ဆင်ဖြူတော်ကို တောင်ကမ်းပါးပြတ်ပေါ်မှာ ခြေသုံးချောင်းတည်းနဲ့ ရပ်ပြတယ်။

"ဟေး... ဟန်ချက်ကောင်းလိုက်တာ..."

တစ်ဖန် မဂဓမင်းက...

"ဟဲ့ဆင်ထိန်း၊ ဆင်ကို ရှေ့ခြေနှစ်ချောင်းတည်းနဲ့ ရပ်ခိုင်းပြစမ်း"

ဆင်က ခန္ဓာကိုယ်ကို အနည်းငယ်နောက်ဆုတ်ပြီး ရှေ့ခြေနှစ်ချောင်းတည်းနဲ့ ရပ်ပြတယ်။ ဆင်ဖြူတော်ဟာ လိမ္မာယဉ်ကျေးတဲ့ဆင်ဖြစ်တာကြောင့် မဂဓမင်းက အကောက်ကြံပြီး စေခိုင်းသမျှကို လုပ်ပြနိုင်တယ်။

"ဆင်ထိန်း၊ ဆင်ကို ခြေတစ်ဖက်တည်းနဲ့ ရပ်ပြခိုင်းစမ်း"

ဆင်ဖြူတော်က တောင်ကမ်းပါးပြတ်ပေါ်မှာ ခြေတစ်ဖက်တည်းနဲ့ ရပ်ပြရာ ကြည့်ရှုနေသူတွေအားလုံးက လက်ခုပ်လက်ဝါးတီးပြီး အားပေးကြတယ်။ မဂဓမင်းက ဆင်ဖြူတော်အပေါ်မှာ ပိုပြီးအငြိုးကြီးသွားတယ်။ ဆင်ဖြူတော်က တောင်ပေါ်က တောင်အောက်ကိုကျပြီး မသေတာကြောင့် မဂဓမင်းက ဘဝင်မကျဖြစ်နေတယ်။ နောက်ဆုံးမှာတော့ မဂဓမင်းဟာ ယုတ်ညံ့တဲ့စိတ်ကို မွေးပြီး...

mgyoe.com

mgyoe.com


"ဟဲ့.... ဆင်ထိန်း၊ လှပတဲ့ဆင်ဖြူတော်က ဒီ့ထက်အစွမ်းသတ္တိပြနိုင်တယ်ဆိုရင် မြေပြင်ကိုမထိဘဲ ကောင်းကင်မှာ ရပ်ခိုင်းပြစမ်း"

"ဟာ"

"ဟင်"

မဂဓမင်းက မဖြစ်နိုင်တာကို စေခိုင်းတော့တာပဲ။ မင်းပရိသတ်ကလည်း မဂဓမင်းရဲ့အမိန့်စကားကြောင့် အံ့သြသွားကြတာပေါ့။ ဆင်ထိန်းက....

"ဒီမင်းက တုဖက်ပြိုင်ကင်းတဲ့ ဆင်ဖြူတော်ကို တောင်ကမ်းပါးယံကပြုတ်ကျပြီး သေအောင်ခိုင်းနေတာပါလား"

လို့တွေးမိသွားတာကြောင့် ဆင်ဖြူတော်အနားကို ကပ်ပြီး...

"ငါ့သားကြီး၊ ဒီမင်းက သင့်ကို သေစေလိုတာကြောင့် မဖြစ်နိုင်တာတွေကို ခိုင်းစေနေတယ်။ ငါ့သားကဒီမင်းဆိုးမင်းညစ်နဲ့ မထိုက်တန်ပါဘူး။ ငါ့သားက ကောင်းကင်မှာ ရပ်ပြနိုင်တယ်ဆိုရင်တော့ ငါ့ကို ဗာရာဏသီပြည်သို့ ခေါ်ဆောင်သွားပါတော့..."

လို့ပြောလိုက်တယ်။

ဘုန်းတန်ခိုးနဲ့ ပြည့်စုံတဲ့ ဆင်ဖြူတော်ဟာ ဆင်ထိန်းပြောပြီး တစ်ခဏမှာပဲ ကောင်းကင်ပေါ်သို့တက်သွားပြီး ကောင်းကင်ယံမှာ ရပ်တန့်ပြပါတယ်။ အဲဒီအခါမှာ ဆင်ထိန်းက...

"အရှင်မင်းကြီး၊ ဤဆင်ဖြူတော်သည် ဆင်ကောင်းဆင်မြတ်ဖြစ်ပါသည်။ အရှင်မင်းကြီးကဲ့သို့ ဘုန်းတန်ခိုးပညာ နည်းပါးသော မင်းနှင့်လုံးဝ မထိုက်တန်ပါ။ ဆင်ဖြူတော်၏နှလုံးသားသည် အလွန်မြင့်မြတ်ပါသည်။ အရှင်မင်းကြီးက သူ့ကိုသေစေလို၍ ခိုင်းစေသည်ကိုပင် အသက်ကိုပဓာနမထားဘဲ ပြသပေးခဲ့ပါသည်။ သို့ကြောင့် စိတ်ထားယုတ်ညံ့သောမင်း၏ တိုင်းပြည်တွင် သူ့အားမနေစေလိုပါ။ သူ့အတွက် များစွာ

mgyoe.com

mgyoe.com


အန္တရာယ်ရှိပါသည်။ သို့ကြောင့် နေရစ်ခဲ့ပါလော့"

လို့လျှောက်တင်ပြီး ဆင်ဖြူတော်နဲ့အတူ ဗာရာဏသီပြည်ကို သွားပါတယ်။

ဗာရာဏသီပြည်ကိုရောက်ရင် ပြည်သူပြည်သားအပေါင်းတို့က ကောင်းကင်ပေါ်မှာ ဆင်ဖြူတော်တစ်စီး သွားလာနေတာကို မြင်ရင် တစ်ဦးနဲ့တစ်ဦး အော်ဟစ်သတင်းပေးကြပြီး မော့ကြည့်နေကြတယ်။ ဆင်ဖြူတော်က မင်းရင်ပြင်ကောင်းကင်မှာ ရပ်တန့်နေတဲ့အခါမှာ ဗာရာဏသီမင်းက ရှုစားတော်မူပြီး....

"ဤဆင်ဖြူတော်သည် ကျွန်ုပ်နှင့်ထိုက်တန်ပါက မြေပေါ်တွင် တည်ပါစေသား"

လို့ဆုတောင်းတော်မူတယ်။

ဆင်ဖြူတော်ဟာ ဗာရာဏသီမင်းရဲ့ ဆုတောင်းစကားကို နားလည်သည့်အလား ကောင်းကင်ကဆင်းသက်ပြီး မြေပြင်ပေါ်မှာတည်နေတယ်။ ဆင်ထိန်းက ဆင်ဖြူတော်ရဲ့ အကြောင်းစုံကို ဗာရာဏသီမင်းအား လျှောက်တင်တယ်။ ဗာရာဏသီမင်းက မိမိနဲ့ထိုက်တဲ့ရတနာလို့ မှတ်ယူတော်မူပြီး ဗာရာဏသီပြည်ကို သုံးစုခွဲ၍ ဆင်ထိန်းကိုတစ်စု၊ ဆင်ဖြူတော်ကိုတစ်စု၊ မိမိအတွက်တစ်စုလို့ သတ်မှတ်တယ်။ ဆင်ဖြူတော်ရဲ့တန်ခိုးကြောင့် ဗာရာဏသီမင်းက ဇမ္ဗူဒိပ်အားလုံးကို ပိုင်စိုးတော်မူရတယ်။ မြင့်မြတ်တဲ့စိတ်ထားကို ထားတတ်ကြဖို့ ကလေးတို့ မှတ်သားထားကြရမယ်နော်။

○

mgyoe.com

mgyoe.com


## မြင့်မြတ်သူတို့နှလုံးသား

ကလေးတို့ရေ....

နေဆိုတာ စတင်ထွက်စအခါမှာပဲဖြစ်ဖြစ်၊ နေဝင်ခါနီးအချိန်မှာပဲဖြစ်ဖြစ် ထူးခြားသွားတယ်ဆိုတာမရှိဘဲ အရောင်တစ်မျိုးတည်းကိုသာ ဆောင်လေ့ရှိတယ်။ ဒါန၊ သီလ၊ ဘာဝနာနဲ့ ပြည့်စုံတဲ့တစ်နည်းအားဖြင့် ပြောရရင် မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေဟာ.. ဘဝအခြေအနေတွေ မြင့်မားနေတဲ့အခါမှာပဲဖြစ်ဖြစ်၊ ဘဝအခြေအနေ နိမ့်ကျနေတဲ့အခါမှာပဲဖြစ်ဖြစ် ထူးခြားမှုဆိုတာ မရှိဘဲ စိတ်သဘောထားတစ်မျိုးတည်းပဲ ထားလေ့ရှိကြတယ်။

စိတ်ထား၊ နှလုံးသား မြင့်မြတ်သူတွေရဲ့နှလုံးသားက ဖြူစင်တယ်။ စိတ်ထားနှလုံးသားမြင့်မြတ်သူတွေဟာ လူသားအချင်းချင်း စာနာသနားတတ်တယ်။ အားပေးကူညီတတ်ကြတယ်။ အချိန်တိုင်းအချိန်တိုင်းမှာ တရားသဘောကိုသာ အမြဲနှလုံးသွင်းနေတတ်ကြတယ်။ လောကီအရေးကိစ္စထက် လောကုတ္တရာအရေးကိုသာ ဦးစားပေးတတ်တယ်။ စိတ်ထား၊ နှလုံးသား မြင့်မြတ်သူတွေဟာ ဘဝဆက်တိုင်းဆက်တိုင်းမှာ ပါရမီဖြည့်

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


ကျင့်ခဲ့ကြတယ်။ ကြိုးစားအားထုတ်ခဲ့ကြတယ်။ အဲဒါကြောင့် စိတ်ထား နှလုံးသား မြင့်မြတ်သူတွေဟာ ၎င်းတို့ရည်မှန်းထားတဲ့ အဆင့်ကို ရောက်ကြရတယ်။

စိတ်ထား၊ နှလုံးသား မြင့်မြတ်သူတို့ရဲ့ ပါရမီဖြည့်ကျင့်ကြပုံကို ကလေးတို့ အတုယူနိုင်ကြစေဖို့ အဘိုးက ပုံဝတ္ထုလေး တစ်ခုကို ပြောပြချင်တယ်။

ကောင်းမှုတွေကို ပြုလုပ်ရင် သေလွန်သွားတဲ့အခါမှာ ကောင်းတဲ့ဘုံဘဝကို ရောက်ရှိနိုင်သလိုပဲ မကောင်းမှုတွေကို ပြုလုပ်ဆောင်ရွက်ရင်တော့ သေလွန်သွားတဲ့အခါ မကောင်းတဲ့ဘုံဘဝကို ရောက်ရှိရတယ်ဆိုတာကို သိရှိပြီး ကျင်လည်နေရတဲ့ သံသရာဘုံဘဝက လွတ်မြောက်လိုလှတာကြောင့် ဘဝပေါင်းမြောက်မြားစွာမှာ ကုသိုလ်ကောင်းမှုတွေကိုသာ ပြုလုပ်ခဲ့တဲ့ အမျိုးသမီးလေးတစ်ယောက်ဟာ ပဒုမုတ္တရာဘုရား ထင်ရှားပွင့်တော်မူတဲ့ကာလမှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့ သူဌေးမျိုးရိုးမှာ မွေးဖွားတယ်။

အဲဒီ အမျိုးသမီးကလေးဟာ အချိန်တန် အရွယ်ရောက်လာတဲ့အခါမှာ ပညာဉာဏ် အမြော်အမြင်နဲ့ ပြည့်စုံပြီး လိမ္မာရေးခြား ရှိလွန်းလှတယ်။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တယ်။ ငါးပါးသီလကို အစဉ်အမြဲ စောင့်ထိန်းတယ်။ အဲဒီ အမျိုးသမီးလေးဟာ ဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်ကန်တော့ပြီး တရားနာလေ့ရှိတယ်။ ဘုရားရှင်က ဟောကြားတဲ့ တရားတော်တွေကို မှတ်သားထားတယ်။

"ဩော်... သံသရာက မလွတ်ကင်းသေးသမျှ ကာလပတ်လုံး ဝဋ္ဋဒုက္ခတွေနဲ့ ကြုံတွေ့နေရဦးမှာပဲ။ ဘာမှ အမြဲမရှိပါလား။ ဖြစ်ပြီးရင် ပျက်သွားတာပဲ။ သံသရာက လွတ်မြောက်အောင် ငါ ကြိုးစားရမယ်"

လို့ အမြဲနှလုံးသွင်းနေလေ့ရှိတယ်။

mgyoe.com

mgyoe.com


တစ်နေ့သောအခါမှာတော့ ဘုရားရှင်ရဲ့ ကျောင်းတော်ကိုသွားပြီး တရားနာနေစဉ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘိက္ခုနီမတစ်ပါးကို တရားအားထုတ်မှုအရာမှာ "အာရဒ္ဓဝီရိယ"မျိုးဖြင့် ကြိုးကြိုးစားစားနဲ့ သူတစ်ပါးနဲ့မတူအောင် အားထုတ်ခဲ့တဲ့အတွက် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်မြှောက်စားတဲ့ အခွင့်အရေးနဲ့ ကြုံတွေ့ရတယ်။

အမျိုးသမီးကောင်းလေးဟာ တရားအားထုတ်မှုမှာ စွမ်းအားသန်တဲ့ ဘိက္ခုနီမကို ဘုရားရှင်က ဧတဒဂ်ဘွဲ့ထူး ချီးမြှင့်တော်မူတာကို မြင်တွေ့ရတာကြောင့် မိမိလည်း အဲဒီဘိက္ခုနီမလိုပဲ ဖြစ်ချင်တဲ့စိတ်တွေက တဖွားဖွားဖြစ်ပေါ်နေတယ်။

အဲဒါကြောင့် အမျိုးကောင်းသမီးလေးဟာ ဘုရားရှင်နဲ့တကွ သံဃာတော်တွေအပေါင်းကို သူ့အိမ်သို့ပင့်ဖိတ်ပြီး အလှူကြီးပေးတယ်။ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်တွေကိုနာကြားပြီး ရေစက်သွန်းချ အမျှအတန်းပေးဝေတယ်။ အဲဒီနောက် အမျိုးကောင်းသမီးလေးဟာ ဘုရားရှင်ကိုဖူးမြော်ပြီး...

"ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မြတ်ဘုရား... တပည့်တော်မသည်လည်း နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ လက်ထက်တော်ကာလတွင် တရားအားထုတ်မှုအရာ၌ သူတကာထက်လွန်ကဲသော "အာရဒ္ဓဝီရိယဧတဒဂ်"ဘွဲ့ထူးကို ရလိုပါသည်ဘုရား"

လို့လျှောက်ထားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားသခင်က အနာဂတံသဉာဏ်တော် ( ရှေးကာလမှာဘယ်လိုဖြစ်မယ်ဆိုတာကို ထိုးထွင်းသိမြင်တဲ့ ဉာဏ်လို့ပြောရမှာပေါ့) နဲ့ဆင်ခြင်တော်မူပြီး...

"အို...ချစ်သမီး၊ ဧတဒဂ်ဘွဲ့ထူးကို ရည်မှန်းပြီး ဘုရားရှင်နဲ့သံဃာတော်အပေါင်းတို့အား ဆွမ်းအစရှိတဲ့လှူဖွယ်မျိုးစုံကို လှူဒါန်းရတဲ့အကျိုးအားကြောင့် နောင်ကမ္ဘာတစ်သိန်း လွန်လေသော လောကသုံးပါးမှာ

mgyoe.com

mgyoe.com


ဂေါတမမြတ်စွာ ဘုရားပွင့်တော်မူလတ္တံ့။ အဲဒီအချိန်မှာ ချစ်သမီးဟာ သူတစ်ပါးနဲ့မတူအောင် စွမ်းစွမ်းတမံ အားထုတ်တဲ့အရှိန်ကြောင့် အာရဒ္ဓဝီရိယ ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်မြှောက်စားခံရလတ္တံ့"

လို့ ဗျာဒိတ်စကား မြွက်ကြားတော်မူပါတယ်။

ဘုရားရှင်ရဲ့ဗျာဒိတ်စကားကိုကြားရတဲ့ အမျိုးကောင်းသမီးလေးဟာ ဒီနေ့၊ မနက်ဖြန်ပင် အကျိုးပေးတော့မယ့်အလား ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး ပဒုမုတ္တရာဘုရားရှင်နဲ့ သံဃာတော်အပေါင်းတို့ကို ကြည်ညိုတဲ့ စေတနာသဒ္ဓါစိတ်နဲ့ ဆွမ်းဆပ်ကပ်လှူဒါန်းတယ်။ ဘုရားရှင်ရဲ့တရားတော်တွေကို နာကြားပြီး အချိန်ပြည့်တရားအားထုတ်ပါတယ်။ အဲဒီအမျိုးကောင်းသမီးလေးဟာ ဒီဘဝမှာသက်တမ်းကုန်ပြီး သေလွန်သွားတဲ့အခါ တာဝတိံသာနတ်ပြည်မှာ အဆောင်အယောင် စည်းစိမ်ချမ်းသာ အပြည့်အစုံနဲ့ ခံစားစံစားရတယ်။

အဲဒီအမျိုးကောင်းသမီးလေးဟာ ပဒုမုတ္တရာဘုရားရှင်ရဲ့ လက်ထက်တော်အခါကစပြီး ကုသိုလ်ထူးတွေကို ကြိုးစားဖြည့်ကျင့်ဆောင်ရွက်ခဲ့တယ်။ အဲဒါကြောင့် အပါယ်လေးပါးကို မရောက်ဘဲ မြင့်မြတ်ချမ်းသာတဲ့ဘုံဘဝတွေမှာသာ ကျင်လည်ကျက်စား ခံစားခဲ့ရတယ်။

ကုသိုလ်ကောင်းမှုပြုတဲ့သူတွေဟာ ဘဝဆက်တိုင်းဆက်တိုင်းမှာ ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့ရခြင်းမရှိဘဲ ချမ်းသာကြွယ်ဝတဲ့ဘဝတွေကိုသာ ရကြတယ်ဆိုတာ ကလေးတို့ မှတ်သားထားကြရမယ်နော်။

မဟာဂေါတမ လောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ထင်ရှားပွင့်တော်မူတဲ့ အချိန်ကာလမှာတော့ အဲဒီ အမျိုးကောင်းသမီးလေးဟာ သာဝတ္ထိပြည်က ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦးရဲ့ သမီးဖြစ်လာတယ်။

အဲဒီအမျိုးကောင်းသမီးလေးရဲ့နာမည်ကတော့... "သောဏာ"တဲ့။

mgyoe.com

mgyoe.com


သောဏာက လိမ္မာယဉ်ကျေးတယ်။ အမူအရာက နူးညံ့ပျော့ပျောင်းတယ်။ မိန်းမတွေရဲ့ကောင်းခြင်းငါးဖြာနဲ့လည်း ပြည့်စုံကြွယ်ဝတယ်။ အဲဒါကြောင့် သူဌေးသားပေါင်း မြောက်မြားစွာက သောဏာကို နှစ်သက်သဘောကျတာကြောင့် ချစ်ခွင့်ပန်ကြတယ်။ ဒါပေမဲ့ သောဏာက သူ့ကို ချစ်ခွင့်ပန်သူတိုင်းကို သဘောမကျတာကြောင့် ငြင်းဆန်ခဲ့တယ်။ ယောက်ျားနဲ့မိန်းမ ပေါင်းဖက်ဖို့ဆိုတာကလည်း ရှေးဘဝက ဖူးစာရေစက်ပါလာမှ ပေါင်းဖက်ကြရတာ မဟုတ်လား။

တစ်နေ့သောအခါမှာတော့ သူရဲ့မိဘနှစ်ပါးတို့က သောဏာကို သူဌေးသားတစ်ဦးနဲ့ သဘောတူကြည်ဖြူတာကြောင့် လက်ထပ်ထိမ်းမြားပေးခဲ့တယ်။ သောဏာဟာ အရှင်သခင် ခင်ပွန်းနောက်ကို လိုက်ပါသွားရတယ်။ အရွယ်တူဂုဏ်ဒြပ်တူဖြစ်တဲ့ ယောက်ျားနဲ့ဖူးစာဆုံရတာဖြစ်လို့ ပုထုဇဉ်တို့ဘဝမှာ ပျော်ရွှင်နေကြတာပေါ့။ အဲဒီအခါ ဘုရားကျောင်းကန်ကိုသွားပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ဖို့ဆိုတာကို မေ့လျော့နေကြတာပေါ့။

ယောက်ျားဖြစ်သူကလည်း လိမ္မာယဉ်ကျေးတဲ့၊ ချောမောလှပတဲ့ သူဌေးသမီးကို ရရှိထားတာဖြစ်လို့ ချစ်ခင်မဆုံး ပျော်တပြုံးဖြစ်နေတယ်။ မယားဖြစ်သူရဲ့အနားက တစ်ဖဝါးမခွာ ဖြစ်နေတာပေါ့။ အဲဒီအခါ မယားဖြစ်တဲ့ သောဏာကလည်း နှစ်သက်သဘောကျတာပေါ့။

အဲဒီလို လင်မယားနှစ်ယောက် ချစ်ချစ်ခင်ခင်နေလာခဲ့ရာ သားဆယ်ယောက်ရတယ်။ သူတို့လင်မယားဟာ အသက်အရွယ်လည်း ကြီးရင့်လာကြတယ်။ လင်သားဖြစ်တဲ့သူက ဘုရားရှင်ထံသို့သွားရောက်ပြီး တရားနာခွင့် ရရှိခဲ့တယ်။ ခက်ခဲနက်နဲပြီး စွဲမက်စရာကောင်းတဲ့တရားကို နာကြားရတာကြောင့် လူ့ဝတ်ကြောင်ဘဝနဲ့ မနေလိုတော့ဘူးဆိုပြီး ရဟန်းပြုခွင့်ပေးဖို့ ဗုဒ္ဓဘုရားရှင်ထံမှာ ခွင့်တောင်းတယ်။

mgyoe.com

mgyoe.com


ဗုဒ္ဓဘုရားရှင်ကလည်း ရှေးဘဝအဆက်ဆက်က ပါရမီပြည့်ဝခဲ့သူလို့ သိတော်မူတဲ့အတိုင်း မဆိုင်းမတွဘဲ ရဟန်းပြုခွင့်ကိုပေးလိုက်တယ်။ သူဌေးက ရဟန်းပြုခွင့်ရလျှင် မိန်းမနဲ့သားတွေကို မပန်ကြားတော့ဘဲ ရဟန်းပြုလိုက်တယ်။ အဲသလို ပြတ်သားတဲ့စိတ်ရှိမှလည်း သူတော်ကောင်းတွေက ကျွတ်တမ်းဝင်နိုင်တာကွဲ့။

သူဌေးက သူ့ကိုလုံးဝမပန်ကြားဘဲ ဘုရားရှင်ရဲ့ကျောင်းတော်မှာ ရဟန်းပြုသွားတဲ့သတင်းကို သောဏာ ကြားသိလိုက်ရတဲ့အခါမှာ စိတ်မချမ်းမသာ ဖြစ်သွားတယ်။ ငိုကြွေးနေရှာတာပေါ့။

"အဟင့်ဟင့်... ဟိုတုန်းက တစ်သက်လုံးပစ်မသွားဘဲ ချစ်သွားပါ့မယ်ဆိုတဲ့လူကြီးက အခုတော့ ကျွန်မကိုပစ်ပြီး ရဟန်းပြုသွားပြီ။ ငါက အိုမင်းရင့်ရော်သွားလို့ ပစ်သွားတာလား။ ကျွန်မမျက်နှာကို မထောက်ထားရင် ရှိပါစေတော့။ ကိုယ်ကမွေးထားတဲ့ သားဆယ်ယောက်ရဲ့မျက်နှာကိုတော့ ထောက်ထားသင့်ပါတယ်။ အလွန် စိတ်ထားပြတ်သားတဲ့လူကြီးပါလား။ အစကတော့ ချစ်လို့ ကျွန်မကိုယူတာပါတဲ့။ အခုတော့ ကျွန်မကိုပစ်သွားတယ်။ သူထားခဲ့တဲ့ ပစ္စည်းဥစ္စာတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ လင်သားမရှိတဲ့ ကျွန်မဘဝမှာ ဒီပစ္စည်းဥစ္စာတွေကို ဘယ်လိုအသုံးချရမှာလဲ။ ဒီသားဆယ်ယောက်ကို လူလားမြောက်အောင် မွေးဖို့ကိစ္စက ရှိသေးတယ်။ အိမ်ထောင့်တာဝန်ကို ကျွန်မရဲ့ခေါင်းပေါ်မှာ တင်ထားခဲ့ပြီး သူက ရက်ရက်စက်စက် ထွက်သွားတယ်။ ရက်စက်လွန်းတဲ့ လူကြီးရဲ့"

လို့ သောဏာက ညည်းတွားပြီး ငိုနေရှာတယ်။

ကလေးတွေကို ပြောမပြချင်ပေမဲ့ ပြောပြရဦးမယ်။ ဗဟုသုတရစေချင်လို့ပါ။ အဘိုးရဲ့အသက်အရွယ်ကြီးနဲ့ ကလေးတို့ကို ပြောမပြသင့်ဘူးဆိုတာတော့သိတယ်။ ဒါပေမဲ့... ပြောပြမှ အဘိုးပြောပြနေတဲ့ပုံပြင်က

mgyoe.com

mgyoe.com


အသက်ဝင်မှာမို့ကွဲ့။

မိန်းမသားတွေခမျာ လင်သားကပစ်ခွာသွားရင် လင်ဆိပ်တက်တတ်တယ်လို့ သိရတယ်။ မြွေဆိပ်တက်တာထက် ဆိုးတယ်လို့လည်း ပြောကြတယ်။ သူဌေးကတော် သောဏာဆိုတာကလည်း ပုထုဇဉ်ဖြစ်တာကြောင့် လင်သားစိတ်နဲ့ ပူဆွေးသောကရောက်နေရတာပေါ့။ မသေရုံတမည် ခံစားနေရတယ်လို့ ဆိုရမှာပဲ။

စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေတာကြောင့် သောဏာရဲ့ရုပ်သွင်အလှအပတွေဟာလည်း ယိုယွင်းသည်ထက် ယိုယွင်းပျက်စီးလာတယ်။ အဲသလို ပူဆွေးသောကရောက်နေတဲ့ကြားက သောဏာက ဘယ်လိုအားတင်းရှာသလဲဆိုတော့...

"အင်း...ငါ့ဘဝနဲ့ငါသာ ရှိပါစေတော့။ သူက မချစ်တော့လို့ ပစ်သွားတာ ဘာတတ်နိုင်မှာလဲ။ ငါ့သားဆယ်ယောက်ကို လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ပြီး အေးအေးဆေးဆေးသာ နေပါတော့မယ်"

လို့ စိတ်ကူးပြီး လင်သားထားရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ပြီး သားဆယ်ယောက်တို့ကို ကျွေးမွေးစောင့်ရှောက်ပါတယ်။ သောဏာရဲ့ သားဆယ်ယောက်တို့ အရွယ်ရောက်တဲ့အချိန်မှာ သောဏာရဲ့အသက်ကလည်း ခြောက်ဆယ်ရှိလာတယ်။ အရွယ်ရဲ့ဆုံးမမှုအတိုင်း သောဏာဟာ သံဝေဂတရားတွေ ရလာတယ်။

အရင်ကာလ များစွာတုန်းက ချစ်လင်၊ သားတွေနဲ့ ပျော်ရွှင်နေလို့ ရတနာသုံးပါးကို သတိမရပေမဲ့လည်း စိတ်နေစိတ်ထား ရင့်သန်လာတဲ့အချိန်မှာတော့ သောဏာဟာ လူ့ဘဝကို ငြီးငွေ့လာတယ်။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လိုတဲ့စိတ်တွေ ဖြစ်ပေါ်လာတယ်။

mgyoe.com

mgyoe.com


အဲဒီအခါမှာ သောဏာရဲ့စိတ်ထဲမှာ...

"ငါ့ရဲ့သားဆယ်ယောက်တို့ကလည်း အရွယ်ရောက်လာကြပြီ။ သူတို့အစွမ်း၊ သူတို့သတ္တိတွေနဲ့ လုပ်နိုင်ကိုင်နိုင်တဲ့ အခြေအနေကို ရောက်နေကြပြီ။ ငါပိုင်တဲ့ ပစ္စည်းဥစ္စာတွေကို သူတို့ရင်းနှီးစားသောက်ဖို့ ခွဲဝေပေးပြီး ငါက ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နေတာပဲ ကောင်းပါတယ်"

လို့စိတ်ကူးမိတယ်။ အဲဒါကြောင့် သောဏာက သူပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို သားဆယ်ယောက်တို့အား အညီအမျှ ခွဲဝေပေးတယ်။ သောဏာက သူ့သားဆယ်ယောက်ကို အနားကိုခေါ်ပြီး...

"ငါ့သားတို့၊ မင်းတို့အားလုံးကို အမေက အမွေခွဲဝေပြီးခဲ့ပြီ။ အမေ့ဆီမှာ ပစ္စည်းဥစ္စာဆိုလို့ တစ်စုံတစ်ခုမှ မကျန်တော့ပါဘူး။ ငါ့သားတို့က ကျွေးမွေးမှ စားသောက်ရမယ့်ဘဝ ဖြစ်နေပါပြီ။ အမေ့ကို ငါ့သားတို့က ကြည်ကြည်ဖြူဖြူ ကျွေးမွေးကြပါ။ မင်းတို့အဖေက မင်းတို့ကို ငယ်စဉ်ကတည်းက အမေနဲ့သားတို့ကိုပစ်သွားတာ မင်းတို့အသိပါပဲ။ အမေ့မှာ မင်းတို့ကို လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့ရပါတယ်။ အဲ့ဒါကို မင်းတို့အသိပါပဲ။ အမေ့မှာ သားတို့မှတစ်ပါး အားကိုးစရာမရှိတော့ပါဘူး။ အမေက အသက်အရွယ် ကြီးရင့်လာပြီဆိုတော့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး တရားအားထုတ်လို့သာ နေချင်ပါတော့တယ်ကွယ်..."

လို့ ပြောဆိုတယ်။ အဲဒီအခါ သားဆယ်ယောက်တို့က ဝမ်းမြောက်ဝမ်းသာစွာနဲ့...

"ဒီအတွက်တော့ စိတ်မပူပါနဲ့အမေရယ်။ အမေ စိတ်ချမ်းသာစွာနဲ့ တရားအားထုတ်ပါ။ မိခင်ကို လုပ်ကိုင်ကျွေးမွေးရတယ်ဆိုတာ သားသမီးတွေမှာ တာဝန်ရှိပါတယ်။ မြင့်မြတ်တဲ့တာဝန်ပါ။ မိဘကျေးဇူး

mgyoe.com

mgyoe.com


ဆိုတာ ဘယ်တော့မှ ဆပ်လို့မကုန်နိုင်ပါဘူး။ ကျွန်တော်တို့လက်ထဲမှာ ရှိတဲ့ ပစ္စည်းဥစ္စာတွေ ဆိုတာကလည်း အမေပေးထားတဲ့ ပစ္စည်းဥစ္စာတွေပဲ မဟုတ်လား။ သားတို့ သားဆယ်ယောက်က တစ်ယောက်တစ်လှည့်စီ အမေ့ကို လုပ်ကျွေးပြုစုပါ့မယ်။ အမေစားချင်တာကို ပြောပါ။ အမေ အလိုရှိတာကို ပြောပါ။ ဝတ္တရားမပျက်စေရပါဘူး"

လို့ရှိသေစွာကန်တော့ကြပြီး ကတိပြုကြတယ်။ မိခင်ကြီး သောဏာဟာ သားဆယ်ယောက်တို့ရဲ့စကားကို ကြားလိုက်ရတဲ့အခါ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး...

"အမေ့သားတွေက လိမ္မာလိုက်ကြတာကွယ်။ အမေမွေးရကျိုးနပ်ပါပေရဲ့။ ဒီလိုသားတွေကိုမွေးရတာ အမေကံကောင်းလိုက်တာ။ လက်ကသုံး တောင်ဝှေးဆယ်ချောင်းကဲ့သို့ အားကိုးရပါပေတယ်။ ငါ့သားတို့က အမေ့ကိုပေးထားတဲ့ကတိကို သားတို့အဖေ ရဟန်းကြီးကြားရင် သိပ်ဝမ်းသာရှာမှာပဲ။ အင်း...ငါ့သားတွေပြောတဲ့ စကားတွေကို မင်းတို့အဖေကို ကြားစေချင်လိုက်တာ။ သူ့သားလေးတွေ လိမ္မာကြတာကိုသိပြီး သာဓု... သာဓု...သာဓု... ခေါ်ရှာမှာပဲ။ အမေ့သားလေးတွေ ကျန်းမာချမ်းသာပါစေ။ ပစ္စည်းဥစ္စာ တိုးတက်ကြပါစေ။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေဖို့ ဆုတောင်းပေးရှာမှာပဲ"

လို့ ဆိုပြီး သောဏာကိုယ်တိုင်က သူ့သားတွေကို ဆုတောင်းပေးပါတယ်။

အဲဒီနောက် သားဆယ်ယောက်တို့ဟာ မိခင်ကြီး အညီအမျှပေးဝေထားတဲ့ ပစ္စည်းဥစ္စာတွေကို ယူကြတယ်။ မိခင်ကြီးကို သားတစ်ယောက်က တစ်လစီကျွေးမွေးစောင့်ရှောက်ရန် တာဝန်ယူရမယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။

သားအကြီးဆုံးက မိခင်ကြီးကို ပထမဦးဆုံးတာဝန်ယူတယ်။

mgyoe.com

mgyoe.com


လေးငါးရက်ခန့်မှာ မိခင်ကြီးကို ကြည်ကြည်ဖြူဖြူ ကျွေးမွေးပြုစုပေမဲ့ ဆယ်ရက်ခန့်ကြာတော့ ငြူစူတဲ့အမူအရာတွေကို ပြလာပါတယ်။

သားသမီးတွေဟာ မိမိတို့မိဘတွေရဲ့ ပစ္စည်းဥစ္စာတွေကို မိမိတို့ မပိုင်ဆိုင်ခင်ကတော့ မိဘတွေကို ကြည်ဖြူသယောင် ပြုမူပြောဆိုတတ်ကြတယ်။ မိမိပစ္စည်းဥစ္စာတွေကို လက်ဝယ်ရခဲ့တဲ့နောက်မှာတော့ အပြောနဲ့အလုပ်ဟာ တခြားစီ ဖြစ်သွားတတ်ပါတယ်။ မိမိရဲ့မိဘတွေကို ကျွေးမွေးရမှာကို တွန့်တိုသွားတတ်ကြတယ်။

သားကြီးဖြစ်သူက မိခင်ကြီးကို ကြည်ဖြူပေမဲ့လည်း ချွေးမဖြစ်သူက ငြူစူစောင်းမြောင်းလာတယ်။

"ဘာအလုပ်မှမလုပ်ဘဲ အချိန်တန်ရင် ထိုင်စားနေတော့တာပဲ။ မရှက်ဘူးလားမသိဘူး"

"မနက်အစောကြီး သူများတွေအိပ်ချိန်မှာ ဘုရားရှိခိုးနေတယ်"

ချွေးမကယောက္ခမကို အဖက်မတန်သလို ဆက်ဆံလာတယ်။ အဲဒါကြောင့် သူဌေးကတော်ကြီး သောဏာဟာ ဒုတိယသားရဲ့အိမ်မှာ သွားနေတယ်။ အဲဒီချွေးမကလည်း သီတင်းတစ်ပတ်ခန့်သာ ကြည်ဖြူပြီး ရက်ကြာလာတဲ့အခါ ငြူစူစောင်းမြောင်းလာပါတယ်။

သူဌေးကတော်ကြီး သောဏာဟာ အစဉ်အတိုင်း သားဆယ်ယောက်စလုံးရဲ့အိမ်မှာ သွားနေကြည့်တယ်။ သားတွေကကြည်ဖြူပေမဲ့လည်း ချွေးမတွေက မကြည်ဖြူ၊ ငြူစူရန်လုပ်ကြတာမို့ စိတ်ဆင်းရဲဒုက္ခမျိုးစုံတို့နဲ့သာ ကြုံတွေ့ရတယ်။

ဒီနေရာမှာ အဘိုးအနေနဲ့ ပြောပြစရာရှိလာတယ်။ အဲဒါကဘာလဲဆိုတော့... အဘိုးပြောနေတဲ့ ပုံဝတ္ထုလေးကို နမူနာယူပြီး မိဘတွေအနေနဲ့ မိမိတို့ရဲ့သားသမီးတွေကို ဘယ်လောက်ပဲ ချစ်ခင်စေကာမူ မိမိတို့ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို သားသမီးတွေကို အမွေသဘောမျိုး အကုန်အစင်

mgyoe.com

mgyoe.com


ပေးကမ်းပြီး မိမိလက်ထဲမှာ တစ်ပြားတစ်ချပ်မှ ချန်မထားတဲ့ စေတနာ မေတ္တာ ရက်ရောတာမျိုးတွေကို မလုပ်သင့်ဘူး။ လုပ်ခဲ့ရင် သူဌေးကတော် သောဏာလိုပဲ ဒုက္ခဆိုးတွေနဲ့ တွေ့ကြုံရမှာကို မှတ်သားထားဖို့ကောင်း တယ်။ မြန်မာ့ထုံးတမ်း အစဉ်အလာမှာတော့... မိဘသေဆုံးမှ သားသမီး တွေက အမွေရတာတော့ ဓမ္မတာပဲ။

"ရေတို့သည် အစုန်သာ စီးဆင်းသည်၊ အဆန်ပြန်မတက်"ဆိုတဲ့ ရှေးလူကြီးသူမတွေရဲ့ ဆုံးမစကားလိုပဲ မိဘတွေကသာ သူတို့ရဲ့ပစ္စည်း ဥစ္စာတွေကို သားသမီးတွေကို စုန်(ပေး)လေ့ရှိတယ်။ သားသမီးတွေရဲ့ ပစ္စည်းဥစ္စာကတော့ မိဘတွေကို ဆန်(ပေး)တယ်ဆိုတာ မရှိပါဘူး။

သူဌေးကတော်ကြီး သောဏာဟာ သားဆယ်ဦးစလုံးရဲ့အိမ်မှာ နေထိုင်လို့ မရတော့တာကြောင့် စိတ်ညစ်စရာတွေနဲ့ ကြုံတွေ့နေရတဲ့ အချိန်မှာ ဘယ်လိုစိတ်ကူးမိသွားသလဲဆိုတော့...

"ဩော်... ငါ့ဘဝမှာ အားကိုးစရာဆိုတာ ဘာမှမရှိတော့ပါလား။ သားသမီးတွေကျွေးတဲ့ မသဒ္ဒါရေစာကိုစားနေရတဲ့ ငါ့ရဲ့ဘဝဟာ အတော် ဒုက္ခကြီးလွန်းလှပါလား။ သူတို့ ငြူစူစောင်းမြောင်းပြီးကျွေးတဲ့ အစား အစာကို စားနေရတာထက် သေတာကကောင်းသေးတယ်"

အဲသလို သောဏာခမျာ လူ့ဘဝမှာနေချင်တဲ့စိတ်မရှိအောင် စိတ် ဆင်းရဲနေရတယ်။

"ဟင်း...ခိုကိုးရာမဲ့နေတဲ့ဘဝမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ သေ သွားရတာဆိုရင်... ငါ့ဘဝက မပြတ်သေးပါလား။ အခုအခါသမယမှာ သာသနာဆိုတဲ့ မှီခိုရာကြီးလည်း ရှိနေတာပဲ။ သာသနာ့အရိပ်ကို ခိုလှုံပြီး စိတ်တည်ငြိမ်စွာနဲ့ တရားအားထုတ်နေတာပဲ ကောင်းပါတယ်။ ငါ့သား တွေရဲ့ဖခင်ကလည်း သာသနာ့အရိပ်မှာ ခိုလှုံသွားခဲ့တာပဲ။ ငါလည်း သူသွားတဲ့လမ်းကို တည့်တည့်မတ်မတ်လိုက်ပြီး သာသနာတော်အတွင်း

mgyoe.com

mgyoe.com


မှာ သန့်သန့်ရှင်းရှင်း ရဟန်းပြုနေတာပဲ ကောင်းပါတယ်…"

လို့ သောဏာက ဆုံးဖြတ်ပြီး ဘယ်သူ့ကိုမှ အသိမပေးတော့ဘဲ ရဟန်းပြုဖို့ ဘိက္ခုနီကျောင်းကို အလျင်အမြန် ထွက်ခွာသွားပါတယ်။ ဘိက္ခုနီမတွေကလည်း အဘွားအိုကြီးကို သနားပြီး ဘိက္ခုနီအဖြစ် ပြုပေးကြတယ်။

အဲဒီအခါ သူဌေးကတော်ကြီး သောဏာဟာ သောဏာထေရီ ဘိက္ခုနီမကြီး ဖြစ်သွားပါတယ်။

သူဌေးကတော်ကြီး သောဏာဟာ အသက်အရွယ်အိုမင်းမှ ရဟန်းဘောင်ကို ဝင်လာတာဖြစ်လို့ ဘိက္ခုနီမအပေါင်းက တောထွက်ဘိက္ခုနီမကြီးဆိုပြီး အလေးဂရုမထားတော့ဘဲ ပေါ့ပေါ့ဆဆပဲ သဘောထားကြတယ်။

ဘိက္ခုနီမအပေါင်းတို့ဟာ သောဏာဘိက္ခုနီမကြီးကို အလေးဂရုမထားကြတဲ့အပြင် ပြုဖွယ်ကိစ္စ အမျိုးမျိုးတွေကိုလည်း ဝိုင်းဝန်းစေခိုင်းကြတယ်။ ဘိက္ခုနီမအိုကြီးကို သနားကရုဏာထားပြီး စာပေပရိယတ်တို့ကို သင်ကြားပေးမယ့်သူလည်း မရှိရှာဘူး။

သောဏာဘိက္ခုနီမကြီးမှာ အခြားဘိက္ခုနီမတွေနဲ့အတူ တရားနာရပေမဲ့လည်း အဖက်မလုပ်ကြတဲ့အတွက် ပရိသတ်ရဲ့ အစွန်အဖျားမှာသာ ထိုင်ရတယ်။ တရားဟောတာကို မကြားတကြား နာယူရတယ်။ အသက်အရွယ်ကလည်း အိုမင်းယိုယွင်းပြီး နားကလည်း မကြားရတာကြောင့် တရားသံကို ကြားရအောင် ပရိသတ်တွေထဲကို တိုးဝင်လာမိတယ်။

"ဟယ်…ဒီဘိက္ခုနီမကြီးကလည်း ဘာလို့ ရှေ့ကိုတိုးလာရတာလဲ"

လို့ ဝိုင်းပြီးကြိမ်းမောင်းကြတာကို ခံရတယ်။ အဲဒါကြောင့် ဘိက္ခုနီမကြီးက နောက်ကိုပြန်ဆုတ်ပေးရတယ်။

တချို့ဘိက္ခုနီမတွေက သောဏာဘိက္ခုနီမကြီးကို ထင်းခွေခိုင်း

mgyoe.com

mgyoe.com


တယ်။ ရေခပ်ခိုင်းတယ်။ ရေချိုးရအောင် ရေနွေးအိုးတည်ခိုင်းကြတယ်။ ကျောင်းဝင်းထဲက သစ်ပင်တွေကို ရေလောင်းခိုင်းတယ်။ အဝတ်လျှော် ခိုင်းတယ်။ တချို့ဘိက္ခုနီမတွေက အနင်းခိုင်း၊ အနှိပ်ခိုင်းကြသေးတယ်။

တောထွက်ဘိက္ခုနီမကြီးဟာ အသက်အရွယ် ကြီးရင့်ပေမဲ့လည်း ဝါငယ်နေတဲ့အတွက် အသက်ငယ်ပေမဲ့လည်း ဝါကြီးတဲ့ဘိက္ခုနီမတွေကို ဦးညွှတ်လို့ရိုရိုးပြီး ရိုသေစွာဆက်ဆံရတယ်။ ဘိက္ခုနီမကြီးဟာ စိတ်နေစိတ်ထား အလွန်ကောင်းသူဖြစ်တာကြောင့် ဘိက္ခုနီမတွေစေခိုင်းတာမှန်သမျှကို ငြင်းဆန်တယ်ဆိုတာမရှိဘဲ ခိုင်းတာကို မငြီးမငြင်လုပ်ပေးတယ်။

တစ်နေ့မှာတော့ ဘိက္ခုနီမတွေက သောဏာဘိက္ခုနီမကြီးကို ခေါ်ပြီး...

"အမယ်အိုကြီး... ရေနွေးအိုးကျိုထားလိုက်၊ ငါတို့ပြန်လာတဲ့အခါ ရေချိုးမယ်"

လို့မှာကြားပြီး ပင့်ဖိတ်တဲ့နေရာကို ထွက်သွားကြတယ်။ သောဏာဘိက္ခုနီမကြီးဟာ ရေတွင်းထဲကရေကို ဆင်းရဲပင်ပန်းစွာ ခပ်ယူရတယ်။ အသက်အရွယ်က အိုမင်းနေတာကြောင့် ရေခပ်ရင်း ရေချိုးအိမ်ထဲမှာ လဲပါတော့တယ်။

"အိုး...ကျွတ်...ကျွတ်...။ ဩော် ဒီခန္ဓာကြီးနဲ့ သတ္တဝါလုပ်နေရတာ အလွန်ပင်ပန်းဆင်းရဲလှပါတကား။ ခန္ဓာဝန်ကြီးက လေးတဲ့အပေါ်မှာ လေးလံတဲ့ ကိစ္စအမျိုးမျိုးကို သယ်ပိုးဆောင်ရွက် နေရပြန်သေးတယ်။ ဒီခန္ဓာဝန်ကြီးနဲ့ မကင်းသမျှတော့ ဘယ်သောအခါမှ ချမ်းသာသုခကို ခံစားရမှာ မဟုတ်တော့ဘူး"

လို့ ဉာဏ်နဲ့ဆင်ခြင်မိတာကြောင့် သောဏာဘိက္ခုနီမကြီးဟာ ခန္ဓာငါးပါး၊ ရုပ်နာမ်တရား၊ နာမ်တရားအစုတို့ကို အနိစ္စ(အမြဲမရှိ)၊ ဒုက္ခ(ဆင်းရဲခြင်း)၊ အနတ္တ(အစိုးမရမှု) ဆိုတဲ့ ဝိပဿနာဉာဏ်နဲ့ နာကျင်နေတဲ့ ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ကြိုးစားအားထုတ်ရာ ရေအိမ်အတွင်း

mgyoe.com

mgyoe.com


မှာပဲ ကိလေသာကုန်ခန်းပြီး ရဟန္တာအဖြစ်ကို ရောက်သွားတယ်။

သောဏာဘိက္ခုနီမဟာ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားပြီဖြစ်လို့ ဖလသမာပတ္တိချမ်းသာကို ခံစားရတဲ့အတွက် ဘိက္ခုနီမတွေစေခိုင်းတဲ့ ရေနွေးအိုးကျိုတာကို မလုပ်ရတော့ဘူး။

ဘိက္ခုနီမတွေက ကျောင်းကိုပြန်ရောက်လာကြတဲ့အခါ တောထွက်အမယ်အိုဘိက္ခုနီမကို မမြင်ကြတဲ့အတွက် လိုက်လံရှာဖွေကြတဲ့အခါ ရေချိုးခန်းထဲမှာ ချမ်းသာစွာ နေထိုင်တာကို သူတို့တွေ့လိုက်ရတယ်။ အဲဒီအခါ ဘိက္ခုနီမတွေက ပုထုဇဉ်တွေပီပီ သောဏာဘိက္ခုနီမကြီးကို လက်ညှိုးထိုးပြီး....

"ဒီတောထွက်အမယ်အိုကြီးက နေရာတကာမှာ အတော်ခိုကပ်နေတာပဲ။ ဘယ်နေရာမှာမှ အချိုးကျတယ်မရှိပါဘူး။ ရေနွေးကျိုထားပါလို့ မှာခဲ့တာကို ရေနွေးမကျိုဘဲ ရေချိုးခန်းထဲမှာ ပုန်းအိပ်နေတယ်။ ထစမ်း... ထစမ်း...၊ ရေနွေးကိုအမြန်ကျိုပေးစမ်း၊ ငါတို့က မောမောပန်းပန်းနဲ့ ပြန်လာတာ... ရေချိုးချင်တယ်"

လို့ ဝိုင်းပြီး ကြိမ်းမောင်းကြတယ်။ အဲဒီအခါ သောဏာဘိက္ခုနီမကြီးက မျက်နှာကို ပြုံးပြုံးရွှင်ရွှင်ထားပြီး ချိုသာတဲ့အသံနဲ့...

"ရေနွေးအတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့။ အခုချက်ချင်းရပါစေ့မယ်"

လို့ဆိုကာ တေဇောဓာတ်ကသိုဏ်းကို ဝင်စားပြီး...

"ဒီရေချိုးခန်းထဲမှာရှိတဲ့ ရေတွေအားလုံး ရုတ်တရက်ဆူလာကြစေ..."

လို့ အဓိဋ္ဌာန်ပြုလိုက်တာကြောင့် ရေတွေအားလုံးဟာ ဆူပွက်လာကြတယ်။ ရေအိုးကြီး ရုတ်တရက် ဆူပွက်လာတာကို တွေ့လိုက်ရတဲ့ ဘိက္ခုနီမတွေဟာ တအံ့တသြဖြစ်ပြီး...

"လာကြည့်ကြပါဦး၊ ဘိက္ခုနီမကြီးရဲ့အစွမ်းကြောင့် ရေတွေဆူလာပြီ"

လို့ အော်တာကြောင့် ဘိက္ခုနီမတွေက လာကြည့်ကြတယ်။ ရေချိုး

mgyoe.com

mgyoe.com


ခန်းထဲမှာ သောဏာဘိက္ခုနီမကြီး ရဟန္တာဖြစ်သွားပြီး ဣဒ္ဓိပါဒ်တန်ခိုးနှင့် ပြည့်စုံတော်မူသွားတာကို သိသွားကြတဲ့ ဘိက္ခုနီမအပေါင်းတွေကိုခေါ်ပြီး...

"အို...သိတင်းသုံးဖော် ဘိက္ခုနီမအပေါင်းတို့၊ အသက်အရွယ်ကြီးရင့်မှ ရဟန်းဘောင်ကိုဝင်လာတဲ့ သောဏာဘိက္ခုနီမကြီးဟာ ရဟန်းကိစ္စတွေပြီးဆုံးလို့ အဆုံးဘဝကို ရောက်တော်မူသွားပါပြီ။ ဣဒ္ဓိပါဒ်တန်ခိုးနဲ့လည်း ပြည့်စုံတော်မူပါတယ်။ အသက်အရွယ်အိုမင်းတဲ့ ဘိက္ခုနီမကြီးရဲ့ ဝီရိယအစွမ်းကို ရိုသေလေးစားစွာ ကန်တော့ကြပါကုန်စို့"

လို့ ဆိုလေရာ ဘိက္ခုနီမအပေါင်းတို့ဟာ သောဏာဘိက္ခုနီမကြီးအား ရိုသေလေးစားစွာ ကန်တော့ကြပါတယ်။

အဲဒီအချိန်ကစပြီး သောဏာထေရီဘိက္ခုနီမကြီးရဲ့ တန်ခိုးဂုဏ်သတင်းဟာ နေရာအနှံ့အပြားသို့ရောက်အောင် ကျော်ကြားသွားပါတယ်။ အသက်အရွယ် ၆၀ မှ သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုပြီး ဝီရိယနဲ့ ကြိုးစားအားထုတ်ခဲ့တာကြောင့် ကိလေသာကုန်ခန်းပြီး ရဟန္တာဖြစ်သွားတဲ့ အမယ်အိုတွေဟာ သောဏာထေရီ ဘိက္ခုနီမကြီးကို အားကျပြီး သာသနာ့ဘောင်ကိုဝင်ပြီး ရဟန်းပြုကြပါတယ်။

သောဏာထေရီ ဘိက္ခုနီမကြီးအကြောင်းကို ဘိက္ခုနီမတွေက ဘုရားရှင်ကို လျှောက်ထားကြပါတယ်။ ဗုဒ္ဓဘုရားရှင်က တရားနာပရိသတ်တွေကို တရားဒေသနာရဲ့အချက်ကို မြွက်ကြားတော်မူလိုတာကြောင့်....

"အို.... ချစ်သားချစ်သမီးတို့၊ တရားအားထုတ်ရာမှာ အသက်အရွယ်ကြီးရင့်ခြင်းဟာ ပမာနမဟုတ်ပါချေ။ လုံ့လဝီရိယသာလျှင် ပမာနဖြစ်တယ်ဆိုတာကို မှတ်သားထားကြရမယ်။ အသက်တစ်ရာအရွယ်ထိတိုင် အသက်ရှင်နေထိုင်ရသော်လည်း ပျင်းပျင်းရိရိနဲ့ ဝီရိယပေါ့ဆခဲ့ပါ

mgyoe.com

mgyoe.com


လျှင် ထိုသို့အသက်ရှည်ခြင်းမျိုးကို အဖိုးထိုက်တန်စွာနှင့် မြင့်မြတ်သည်ဟု ငါဘုရား ချီးမွမ်းတော်မမူ။ တစ်နေ့တစ်ရက်မျှပင် အသက်ရှင်နေထိုင်ရပါသော်လည်း မပျင်းမရိ ဝီရိယသန်သန်နှင့် ကြိုးစားအားထုတ်သူကိုသာလျှင် အဖိုးထိုက်တန်စွာနှင့် မြင့်မြတ်သည်ဟု ငါဘုရား ချီးမြှင့်တော်မူတယ်။

"အို… ချစ်သားချစ်သမီးတို့၊ သောဏာဘိက္ခုနီမကြီးကို ရှုစားကြကုန်လော့။ အသက်အရွယ်ကြီးရင့်မှ သာသနာ့ဘောင်သို့ ခိုဝင်လာရသော်လည်း ဝီရိယအစွမ်းကြောင့် ရဟန္တာဖြစ်သွားရသည်မဟုတ်လား။ ငါ၏ သမီးကြီးသည် ဝီရိယရင့်သန်သည့်အတွက် အလွန်ထူးမြတ်ပါပေတယ်"

လို့ချီးမွမ်းစကားကို မိန့်ကြားတော်မူပါတယ်။ အဲသလို ဗုဒ္ဓဘုရားရှင်က ဝီရိယနဲ့ပတ်သက်တဲ့တရားကို တိုက်တွန်းဟောကြားတော်မူပြီးတဲ့နောက် သောဏာဘိက္ခုနီမကြီးကို တရားနာပရိသတ်တွေရဲ့အလယ်မှာ "အာရဒ္ဓဝီရိယဧတဒဂ်"ဘွဲ့ထူးနဲ့ မြှောက်စားတော်မူပါတယ်။

အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်အတွင်း အသက်အရွယ်ကြီးရင့်မှ ရဟန်းဘောင်သို့ခိုဝင်လာပြီး ဆင်းရဲဒုက္ခမျိုးစုံကိုခံကာ တရားကိုကြိုးစားအားထုတ်ခဲ့ရာ ဧတဒဂ်ဘွဲ့ထူးကို ရရှိခဲ့တဲ့ သောဏာဘိက္ခုနီမကြီးရဲ့ ဂုဏ်သတင်းဟာ သာသနာတော်အတွင်းမှာ အထူးပျံ့နှံ့ကျော်ကြားခဲ့ပါတယ်။

အဲဒီဂုဏ်သတင်းထူးကို သောဏာဘိက္ခုနီမကြီးရဲ့ လူသားဘဝကတောထွက်ပြီးရဟန်းပြုသွားတဲ့ သားဆယ်ယောက်တို့ရဲ့ဖခင် ရဟန်းကြီးကကြားတော့ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတာပေါ့။

သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်မွေ့ဆိုတဲ့စကားအတိုင်း တရားဓမ္မအရေးနဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးလိုတာကြောင့် ရဟန်းကြီးက တောင်ဝှေးကိုထောက်ပြီး သောဏာဘိက္ခုနီမကြီးရှိရာကို

mgyoe.com

mgyoe.com


လာပါတယ်။ အဲဒီရဟန်းကြီးကလည်း ကိလေသာကုန်ခန်းနေတဲ့ ရဟန်းကြီး ဖြစ်ပါတယ်။

ရဟန်းကြီးနဲ့ သောဏာဘိက္ခုနီမကြီးတို့ဟာ ရဟန္တာတို့ရဲ့စရိုက်နဲ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နဲ့ ဆက်စပ်တဲ့တရားတွေကို အပြန်အလှန်ဆွေးနွေးနေကြတဲ့အချိန်မှာ သားဆယ်ယောက်တို့က လက်အုပ်ကလေးတွေကိုယ်စီချီပြီး ရောက်လာကြပါတယ်။

ဘာကြောင့် ကျောင်းသင်္ခမ်းကို ရောက်လာကြတာလဲဆိုတော့ မိခင်ဘိက္ခုနီမကြီးက ကိလေသာကုန်ခန်းပြီး တန်ခိုးဂုဏ်နဲ့ပြည့်စုံတဲ့ ရဟန္တာမကြီးဖြစ်သွားတယ်လို့ သတင်းကြားရတာကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး လာရောက်ဖူးတွေ့ကြတာပဲ ဖြစ်ပေတယ်။

မယ်တော်ကြီးကို ဝမ်းသာအားရနဲ့ ဖူးတွေ့ဖို့လာရောက်ကြတဲ့ သားဆယ်ယောက်တို့ဟာ သူတို့ခမည်းတော်ကြီးကိုပါ ဖူးတွေ့ရတာကြောင့် ပိုပြီးဝမ်းသာသွားကြတယ်။ သားဆယ်ယောက်ကို မြင်တွေ့ရတဲ့ သောဏာဘိက္ခုနီမကြီးက သားတွေရဲ့မျက်နှာကို တည်ငြိမ်တဲ့ ကြုန္ဓြေမျက်နှာနဲ့ ရှုစားတော်မူပြီး...

"ငါ့သားတွေက အမေ့ကိုရက်စက်စိမ်းကားခဲ့လို့ သာသနာ့ဘောင်ကို အမေဝင်ခွင့်ရခဲ့တာပဲ။ အခုတော့ အမေ့မှာ ကိလေသာတွေကုန်ခန်းလို့ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ရပါပြီ။ သားတို့က အမေ့ကို ယုယကြင်နာစွာနဲ့ လုပ်ကျွေးပြုစုနေကြရင် အမေကသားတွေ၊ ချွေးမတွေ၊ မြေးတွေရဲ့ သံယောဇဉ်နဲ့ သားတို့အနားက အမေဖယ်ခွာနိုင်မှာ မဟုတ်ဘူး။ ကိလေသာတန်းလန်းနဲ့ သံသရာစခန်းမှာ ပင်ပန်းနေတော့မှာအမှန်ပဲ။ သားတို့ရဲ့ ကျေးဇူးတွေက အမေ့အပေါ်မှာ များပြားလှပါပေတယ်။

လို့မိန့်ကြားတော်မူတယ်။

သားဆယ်ယောက်တို့က မိခင်၊ ဖခင် ရဟန္တာမြတ်ကြီးနှစ်ပါးကို

mgyoe.com

mgyoe.com


ရှိသေစွာကန်တော့ပြီး....

"ဘုရားတပည့်တော်တို့အား သနားတော်မူသောအားဖြင့် ကိုးကွယ်ဆည်းကပ်ခွင့်ပြုပါ။ ပစ္စည်းလေးပါးတို့နဲ့ အမြဲမပြတ်လှူဒါန်းပါရစေ။ နေအိမ်များသို့နေ့စဉ်ကြွ၍ အရဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို ဘုဉ်းပေးတော်မူကြပါ"

လို့မျက်ရည်လည်ရွဲနဲ့ ရှိသေစွာ လျှောက်တင်ကြတယ်။ ရဟန္တာမကြီးက...

"အမောင်တို့ရဲ့ လျှောက်ထားချက်က အလွန်ဝမ်းသာစရာကောင်းလှပါပေတယ်။ ဒါပေမဲ့ ရဟန်းဘောင်ကို ရောက်လာတဲ့အခါ ဘယ်သူ့ကိုမှ ပစ္စည်းလေးပါးအတွက် စွဲလမ်းမှုမထားရဘူး။ ရဟန်းဆိုတာ သပိတ်တစ်လုံးနဲ့ မိမိခြေသလုံးကို အားကိုးပြီး ဆွမ်းခံစားရတယ်။ ကဲ... အမောင်တို့သွားကြပေတော့"

လို့ မိန့်တယ်။

သားဆယ်ယောက်တို့ဟာ မိခင်၊ ဖခင် ရဟန္တာမြတ်ကြီးနှစ်ပါးကို ရှိသေစွာကန်တော့ပြီး ကျောင်းသင်္ခမ်းထဲက ထွက်ခွာသွားကြတယ်။ သားဆယ်ယောက်တို့ဖခင် ရဟန္တာကြီးကလည်း သောဏာဘိက္ခုနီမကြီးရဲ့ ကျောင်းသင်္ခမ်းက ပြန်သွားတယ်။

ကလေးတို့ရေ...

အခု အဘိုးပြောပြတဲ့ပုံဝတ္ထုမှာ အတုခိုးစရာ၊ နည်းယူစရာအချက်ကတော့ အသက်အရွယ်ကြီးရင့်တဲ့ ပုဂ္ဂိုလ်တွေဟာ ငါတို့တော့ အသက်ကြီးသွားပြီ။ တရားအားထုတ်ဖို့ အချိန်မရတော့ပါဘူးလို့ မယူဆတော့ဘဲ ကြိုးစားအားထုတ်ရင် မြင့်မြတ်တဲ့အဆင့်အထိ ရောက်နိုင်တယ်ဆိုတာကို မှတ်သားထားရမယ်နော်။

၀

mgyoe.com

mgyoe.com

## စိတ်ကိုနိုင်လျှင်

ကလေးတို့ရေ...


ပညာရှိခြင်းဆိုတာ လိမ္မာခြင်းနဲ့ တခြားစီပဲဖြစ်တယ်။ ပညာရှိတိုင်းဟာလည်း မလိမ္မာတတ်ကြပါဘူး။ လိမ္မာသူတိုင်းကလည်း ပညာမရှိကြပါဘူး။ အလိမ္မာရော၊ ပညာရော နှစ်ခုစလုံးနဲ့ ပြည့်စုံသူကတော့ ရှားလှပေတယ်။ အဲဒါကြောင့် ပစ္စည်းဥစ္စာချမ်းသာတိုင်း၊ တန်ခိုးအာဏာရှိတိုင်း ပညာရှိမဖြစ်နိုင်ဘူး။

လိမ္မာသူတွေမဟုတ်တဲ့ ဓားပြ၊ သူခိုး၊ လူဆိုးလူရှုပ်တွေထက် ပညာရှိ၊ ဥစ္စာရှိ၊ တန်ခိုးအာဏာရှိတဲ့ လူယုတ်မာတွေက သာမန်လူတွေထက်ပိုပြီး ကြောက်စရာကောင်းတယ်ဆိုတာ ကလေးတို့အနေနဲ့ မှတ်သားထားရဗယ်။

သိက္ခာဆိုတာ အကျင့်ပဲဖြစ်ပါတယ်။ လူတွေရဲ့ အကျင့်တရားဆိုတာကလည်း သိက္ခာပဲ ဖြစ်ပါတယ်။ လိမ်လည်ကောက်ကျစ်တာ၊ ဝါကြွားတာ၊ အဂတိလေးပါးကို လိုက်စားပြီး အမည်းကိုအဖြူ၊ အဖြူကို

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


အမည်းပြုလုပ်တာ၊ ပန်းပြားပင်လို တောင်လေလာရင် တောင်ကိုယိမ်း၊ မြောက်လေတိုက်ရင် မြောက်ကိုယိမ်းတတ်တာ၊ အရ သာရင် ဘုရားရုပ်ပွားတော်က ရွှေခွာတတ်တာ၊ သူတစ်ပါးအိမ်ရာကို ကျူးလွန်တတ်တာ၊ အဲသလိုပြုမူတတ်တဲ့ လူစားမျိုးတွေကတော့ ကိုယ်သိက္ခာကိုယ် မရှိသေတော့တာသာမကဘဲ သိက္ခာဆိုတာ လုံးဝမရှိတော့တဲ့ လူတွေလို့ပဲ ဆိုရမယ်။

စိတ်ထားမြင့်မြတ်တဲ့သူတွေကတော့ ကိုယ်ကျင့်တရား ကောင်းမွန်ကြတယ်။ သူတစ်ပါးအပေါ် လိမ်ညာကောက်ကျစ်တာ၊ ဝါကြွားတာ၊ အဂတိလေးပါး လိုက်စားတာ၊ အမည်းကို အဖြူလုပ်တတ်တာမျိုးတွေကို မလုပ်တတ်ကြဘူး။ ပန်းပြားပင်လိုလည်း လေတိုက်ရာဘက်ကို မယိမ်းတတ်ဘူး။

သူတစ်ပါးကို လိမ်ညာပြောဆိုတာ၊ သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို ခိုးယူတာ၊ သူတစ်ပါးရဲ့အိမ်ရာကို ကျူးကျော်တာ၊ သူတစ်ပါးရဲ့အသက်ကိုသတ်တာ၊ အရက်သေစာသောက်စားတာ စတဲ့မကောင်းမှုတွေကို ရှောင်ကြဉ်တတ်ကြတယ်။ မိမိတို့ရဲ့စိတ်ကို မိမိနိုင်အောင် လေ့ကျင့်ထားတတ်ကြတယ်။ မိမိရဲ့စိတ်ကို နိုင်နင်းတဲ့သူဟာ အရာရာကို အောင်မြင်တတ်တယ်ဆိုတာကို အဘိုးက ကလေးတို့သိရှိရလေအောင် ပုံဝတ္ထုလေးတစ်ပုဒ်ကို ပြောပြမယ်။

ဟိုးရှေးအခါတုန်းက ဆင်းရဲသားတစ်ယောက်ဟာ မိမိရဲ့ပေါက်တူးတစ်လက်နဲ့ မြေကြီးတွေကိုတူးဆွလို့ သီးနှံတွေကို စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုလေတယ်။ အချို့မြို့နဲ့ အလွန်ဝေးကွာတဲ့အရပ်ဒေသက တောရွာတွေမှာ နေထိုင်ကြတဲ့သူတွေဟာ မိမိလုပ်အားမိမိအသုံးချကာ ထွန်ယက်စိုက်ပျိုးကြတဲ့ အလေ့အထဟာ ရှေးအခါကပင် ရှိခဲ့ကြတယ်။ ကျွဲ၊နွားမရှိလို့ ကိုယ့်ကိုယ်ကိုယ်အားကိုးရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

mgyoe.com

mgyoe.com


အဲဒီဆင်းရဲသားက သူ့မှာပေါက်တူးတစ်လက် ပိုင်ဆိုင်တာကလွဲလို့ ဘာပစ္စည်းဥစ္စာမှ မရှိရှာဘူး။ ဆင်းရဲသားဟာ သူ့ရဲ့ပေါက်တူးကိုသာ အားကိုးတဲ့အလျောက် အလွန်ပဲတန်ဖိုးထားပါတယ်။ သူ့ပေါက်တူးကို နှစ်သက်မြတ်နိုးတယ်လို့ ဆိုရမှာပေါ့။

"အင်း...ဒီပေါက်တူးကြောင့် ငါနေ့တိုင်းထမင်းစားနေရတာ။ ဒီပေါက်တူးကို မပျက်စီး၊ မပျောက်ဆုံးအောင် သုံးစွဲရမယ်"

ဆင်းရဲသားဟာ စိုက်ပျိုးပြီးစီးတိုင်း ပေါက်တူးကို ရေနဲ့ဆေးကြောပြီး သူ့ရဲ့အိပ်ရာဘေးမှာထားတယ်။ အဲဒီပေါက်တူးကို သူတစ်ပါးက ခိုးယူသွားမှာကိုလည်း အလွန်ပဲစိုးရိမ်နေရှာတယ်။

နှစ်ကာလတွေကြာလာတဲ့အခါ အဲဒီဆင်းရဲသားက...

"ငါဟာ နေ့တိုင်းနေ့တိုင်း ထွန်ယက်စိုက်ပျိုးစားသောက်ပြီး အချိန်တွေသာကုန်နေတယ်။ ဒီလို နေ့တိုင်း ရုန်းကန်လှုပ်ရှားရင်း သေသွားရရင် ငါ့ဘဝဟာ ဘာအကျိုးထူးမှာလဲ။ လူဖြစ်ရကျိုးနပ်မှာ မဟုတ်ဘူး။ ဒီတော့ ငါ့ဘဝအတွက် ငါအကျိုးရှိအောင် ငါရဟန်းဝတ်တော့မယ်"

လို့ ဆုံးဖြတ်ပြီး ပေါက်တူးကို လုံခြုံတဲ့နေရာမှာထားခဲ့ပြီး ရဟန်းဝတ်သွားပါတယ်။ အဲဒီရဟန်းဟာ သူ့ရဲ့ပေါက်တူးကို အောက်မေ့တသနေမိတဲ့လောဘကို မဖြတ်တောက်နိုင်တာကြောင့် လူဝတ်လဲပြန်ပါတယ်။ မကြာမီပဲ တရားရသလိုနဲ့ ရဟန်းပြန်ဝတ်ပြန်ပါတယ်။

အဲသလိုရဟန်းဝတ်လိုက်၊ လူပြန်ထွက်လိုက်နဲ့ ခြောက်ကြိမ်မြောက်ပြီး ခုနစ်ကြိမ်မြောက်တဲ့အခါမှာတော့ ဆင်းရဲသားက...

"ဟင်း...ငါဟာ ဒီပေါက်တူးကိုစွဲလမ်းပြီး ရဟန်းဝတ်လိုက်၊ ပြန်ထွက်လိုက် လုပ်နေတာခြောက်ခါ၊ခုနစ်ခါရှိသွားပြီ။ ဒီပေါက်တူးကို အစပျောက်အောင် ဖျောက်ပစ်မှဖြစ်တော့မယ်"

လို့တွေးပြီး ကျယ်ပြောလှတဲ့ မြစ်ပြင်ကျယ်ကြီးရဲ့အလယ်ကို လှေနဲ့

mgyoe.com

mgyoe.com


သွားပြီး ပေါက်တူးရဲ့အရိုးကိုကိုင်လျက် ဦးခေါင်းထက်မှာ သုံးကြိမ်သုံးခါ လှည့်ပတ်ကာ မျက်စိကိုစုံမှိတ်ပြီး ပေါက်တူးကိုမြစ်ထဲကို လွှင့်ပစ်လိုက်ပါတယ်။ အဲဒီနောက် ဝမ်းသာအားရနဲ့...

"ငါအောင်ပြီ...ငါအောင်ပြီ...ငါအောင်ပြီ"

လို့ သုံးကြိမ်သုံးခါအော်ဟစ်တယ်။

အဲဒီအချိန်မှာ ပြည့်ရှင်မင်းတစ်ပါးက ပုန်ကန်ထကြွနေတဲ့ ရွာငယ်ကို သွားရောက်တိုက်ခိုက်နှိမ်နင်းပြီး အောင်မြင်လာခဲ့လို့ အဲဒီမြစ်ထဲမှာ ဦးခေါင်းဆေးတန်ဆာကို ဆင်မြန်းလို့ ခေါင်းဆေးမင်္ဂလာကိုပြုနေရာ မြစ်လယ်က ဆင်းရဲသားရဲ့အသံကို ရုတ်တရက် ကြားလိုက်ရတယ်။

အဲဒါကြောင့် ပြည့်ရှင်မင်းကြီးက အဲဒီအော်တဲ့သူကိုခေါ်ခိုင်းလိုက်တယ်။ မင်းချင်းတွေက မြစ်လယ်ကဆင်းရဲသားကို သွားပြီးခေါ်ဆောင်လာခဲ့တယ်။ ဆင်းရဲသားဟာ ဘုမသိဘမသိနဲ့ လိုက်ပါလာတာပေါ့။ ပြည့်ရှင်မင်းရဲ့ ရှေ့တော်မှောက်ကို ရောက်တဲ့အခါ ပြည့်ရှင်မင်းက ဆင်းရဲသားကို အကဲခတ်ပြီး...

"ဟဲ့.... အသင်ယောကျ်ား"

"ဘုရား"

"ငါသည် ပုန်ကန်ထကြွနေသူတို့ကို အောင်မြင်စွာတိုက်ခိုက်၍ စစ်မြေပြင်မှ အောင်ပွဲခံပြန်လာတဲ့သူ ဖြစ်ပေတယ်။ အခုမြစ်ထဲမှာ ခေါင်းဆေးမင်္ဂလာကို ပြုနေတာပဲ။ အသင်က အဘယ်အရာကိုမြင်လို့ အောင်ပြီ... အောင်ပြီ...အောင်ပြီလို့ အော်ဟစ်နေရတာပါလဲ"

လို့ မေးတော်မူတယ်။ ဆင်းရဲသားက...

"မြတ်သောအရှင်မင်းကြီး၊ စစ်မြေပြင်တွင် အကြိမ်ပေါင်းအထောင်အသောင်းအသိန်း မည်မျှပင်အောင်မြင်စေကာမူ အတွင်းစိတ်ကိလေသာကို အောင်မြင်ခြင်းမဟုတ်သဖြင့် မြတ်သောအောင်မြင်ခြင်းဟု မမည်ပါ

mgyoe.com

mgyoe.com


လေ။ ကျွန်တော်မျိုးသည်ကား ကျွန်တော်မျိုး၏ ပေါက်တူးအပေါ်တွင် စွဲလမ်းတွယ်တာနေသောစိတ်ကို ပယ်ဖျက်နိုင်ခဲ့ပါပြီ"

"ဟင်"

"အရှင်မင်းကြီး၊ ဤသို့ အတွင်းစိတ်ရိုင်း၊ စိတ်မိုက်တို့နိုင်နင်းခြင်း သည်သာလျှင် စင်စစ်အောင်နိုင်ခြင်း၊ မြတ်သောအောင်နိုင်ခြင်း မည်ပါသည်ဘုရား"

လို့လျှောက်တင်တယ်။ အဲဒီအခါ မင်းကြီးက...

"သင်၏စိတ်တို့သည် မြင့်မြတ်သောဘက်သို့ ရောက်သွားခဲ့ပေပြီ။ သင်သည်သင်၏စိတ်ကို နိုင်နင်းသွားသဖြင့် အောင်ပွဲရသွားခြင်းဖြစ်ပေသည်"

လို့မိန့်တော်မူပါတယ်။ မင်းကြီးက ဆင်းရဲသားရဲ့အဖြစ်ကို တရားကျသွားတယ်။ မင်းကြီးနဲ့ မင်းမှုထမ်းအားလုံးတို့ဟာ ရဟန်းပြုသွားကြပါတယ်။ ထိုတိုင်းပြည် အနီးအပါးမှာရှိတဲ့ ခုနစ်ပြည်ထောင်မင်းတွေဟာလည်း ဒီသတင်းကိုကြားရင်ပဲ အားလုံးရဟန်းပြုသွားကြတယ်။

ကလေးတို့အနေနဲ့ မိမိစိတ်ကို မိမိနိုင်အောင် ကြိုးစားကြရမယ်။ မိမိစိတ်ကိုနိုင်ရင် မကောင်းမှုတွေကို မလုပ်မိအောင် မိမိစိတ်ကတားမြစ်ပေလိမ့်မယ်။ အဲဒါဆိုရင် မကောင်းတာတွေကို မလုပ်ဖြစ်တော့ဘူးပေါ့။

ဝ

mgyoe.com

mgyoe.com


## သူတော်ကောင်းကိုပြစ်မှားသူ

ကလေးတို့ရေ…

လူတစ်ဦးဦးကို ချီးမြှင့်ထောက်ပံ့တာ၊ အသက်ကိုကယ်တင်ပြီး ကျွေးမွေးစောင့်ရှောက်တာတွေဟာ ကျေးဇူးပြုတာလို့ခေါ်တယ်။ အဲဒီကျေးဇူးကို ခံယူပြီးနောက် သတိရနေတာဟာ ကျေးဇူးတင်တာလို့ခေါ်တယ်။ အဲဒီကျေးဇူးအတွက် မိမိတတ်စွမ်းသလောက် တုံ့ပြန်ခြင်းဟာ ကျေးဇူးဆပ်တာလို့ခေါ်တယ်။ အဲဒါကို စိတ်ထားမြင့်မြတ်သူတွေသာ သိကြတယ်။

စိတ်ထားမြင့်မြတ်နေတဲ့သူတွေဟာ သူတစ်ပါးက မိမိအပေါ် ကျေးဇူးပြုထားတာကို အစဉ်အမြဲသတိရနေပြီး ပြန်လည်ပေးဆပ်ဖို့ကို အမြဲစဉ်းစားနေတတ်ကြတယ်။ ကျေးဇူးဆပ်ဖို့ အခါအခွင့်ကြုံတွေ့လာတဲ့ အခါမှာလည်း ပေးဆပ်တတ်ကြတယ်။ မိမိက သူတစ်ပါးအပေါ် ကျေးဇူး ပြုထားပေမဲ့လည်း မိမိအပေါ် ကျေးဇူးပြန်ရမယ်လို့ ဘယ်သောအခါမှ

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


မျှော်လင့်မထားတတ်ကြဘူး။

စိတ်ထားယုတ်ညံ့သူတွေကတော့ သူတစ်ပါးကို ကျေးဇူးပြုဖို့ ဘယ်သောအခါမှ စိတ်မကူးကြဘူး။ သူတစ်ပါးက မိမိအပေါ်ကျေးဇူး ပြုထားရင်လည်း ကျေးဇူးပြန်ဆပ်ဖို့ ဘယ်တော့မှစိတ်မကူးဘူး။ ကျေးဇူး ရှင်ကိုသာ ကျေးဇူးကန်းတတ်ကြတယ်။

ကျေးဇူးရှင်ကို ကျေးဇူးကန်းတာကြောင့် ဘဝပျက်စီးသွားရပုံ၊ သူတော်ကောင်းတွေကတော့ မိမိက ကျေးဇူးပြုထားသူက မိမိအပေါ် ကျေးဇူးကန်းပေမဲ့လည်း မေတ္တာမပျက်တတ်ပုံကို ပုံဝတ္ထုလေးတစ်ခုအဖြစ် ပြောပြချင်တယ်။

ရှေးအခါတုန်းက ဗာရာဏသီပြည်က သူဌေးသမီးတစ်ယောက် ဟာ ရုပ်ရည်ချောမောလှပပြီး ဖခင်ရဲ့ချမ်းသာကြွယ်ဝမှုတွေကို ခံစားနေရ တာကြောင့် မာန်တက်ပြီး စကားပြောဆိုတာကအစ ခက်ထန်ကြမ်းတမ်း ပြီး ယုတ်မာတဲ့စိတ်ထားလည်းရှိတယ်။

"ဟဲ့... ငါခိုင်းထားတာ မလုပ်သေးဘူးလား"

"နင်တို့ ဟင်းတွေကို ဘယ်လိုချက်ထားကြတာလဲ။ စားလို့ မကောင်းဘူး။ သွန်ပစ်လိုက်၊ နောက်ထပ်ချက်စမ်း၊ ငါ စားမကောင်းလို့ ကတော့ နင်တို့သိမယ်"

"ဟဲ့...ဟဲ့... ငါ့ခြံရှေ့မှာရပ်နေတာ ဘယ်သူလဲ။ သွားပြီး မောင်း ထုတ်ကြစမ်း"

"နင်တို့ရွာထဲကလူတွေနဲ့ အရောတဝင်မနေကြနဲ့၊ ရွာထဲကလူတွေ ငါ့ခြံဝင်းထဲကို ဝင်မလာကြစေနဲ့...ကြားလား...ကြားလား"

သူဌေးသမီးဟာ အရပ်ထဲက လူများနှင့်သာမက အခိုင်းအစေတို့ ၏ မုန်းတီးခြင်းကိုလည်း ခံနေရတဲ့သူပေါ့။

တစ်ခုသောနေ့တစ်နေ့ရဲ့ ညနေမှာတော့ သူဌေးသမီးဟာ သူ့ရဲ့

mgyoe.com